# နိဗ္ဗာန်ဟူသည်

ဥပ္ပါဒေါ သင်္ခါရာ၊ အနုပ္ပါဒေါ နိဗ္ဗာနံ။
ပဝတ္တံ သင်္ခါရာ၊ အပ္ပဝတ္တံ နိဗ္ဗာနံ။
နိမိတ္တံ သင်္ခါရာ၊ အနိမိတ္တံ နိဗ္ဗာနံ။
အာယူဟနာ သင်္ခါရာ၊ အနာယူဟနာ နိဗ္ဗာနံ။
ပဋိသန္ဓိ သင်္ခါရာ၊ အပ္ပဋိသန္ဓိ နိဗ္ဗာနံ။ ။ (ပဋိသံ -၅၈)

ဥပ္ပါဒေါ ၊ ဖြစ်ခြင်းရှိသော တရားသည်။ **သင်္ခါရာ**၊ သင်္ခါရတရားတို့ဖြစ်ကြ၏။
**အနုပ္ပါဒေါ**၊ ဖြစ်ခြင်းကင်းသော တရားသည်။ **နိဗ္ဗာနံ**၊ နိဗ္ဗာန်ဖြစ်၏။

**ပဝတ္တံ**၊ မပြတ်ဖြစ်သော ရုပ်နာမ်အစဉ်သည်။ သင်္ခါရာ၊ သင်္ခါရတရားတို့ဖြစ်ကြ၏။
**အပ္ပဝတ္တံ**၊ မပြတ်ဖြစ်သော ရုပ်နာမ်အစဉ်ကင်းသော တရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ဖြစ်၏။

**နိမိတ္တံ**၊ ပုံသဏ္ဌာန် အထည်ကိုယ် ရှိသလိုပင် ထင်ပေါ်သော တရားသည်။
သင်္ခါရာ၊ သင်္ခါရတို့ဖြစ်ကြ၏။
**အနိမိတ္တံ**၊ ပုံသဏ္ဌာန် အထည်ကိုယ်ရှိသလို မထင်ပေါ်သော တရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ဖြစ်၏။

**အာယူဟနာ**၊ ချမ်းသာ ကောင်းစားရန် ရည်သန်၍ အားထုတ်ခြင်းသည်။
သင်္ခါရာ ၊ သင်္ခါရတရားတို့ဖြစ်ကြ၏။
**အနာယူဟနာ**၊ အားထုတ်ခြင်း ကင်းသော တရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ဖြစ်၏။

**ပဋိသန္ဓိ**၊ ရှေးဘဝ ရှေးစိတ်နှင့် စပ်၍ဖြစ်ခြင်းသည်။ သင်္ခါရာ၊ သင်္ခါရတရားတို့ဖြစ်ကြ၏။
**အပ္ပဋိသန္ဓိ**၊ စပ်၍ ဖြစ်ခြင်းကင်းသော တရားသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ဖြစ်၏။